# Food Safety Forum 2019
# သတင်းမီဒီယာများအတွက်ထုတ်ပြန်ချက်

အစားအသောက်ဘေးကင်းရေးဆိုင်ရာဆွေးနွေးပွဲ (Food Safety Forum) ကျင်းပမည့်အကြောင်းစာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာလ (၁၁) ရက်နေ့က နိုဗိုတယ်ဟိုတယ်တွင်ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲကို Myanmar Innovative Life Sciences (MILS) ကုမ္ပဏီ၊ မြန်မာစားသုံးသူများသမဂ္ဂ (Myanmar Consumers Union) နှင့် အစားအာဟာရဆိုင်ရာ သိပ္ပံနှင့်နည်းပညာအသင်း (FoSTA Myanmar) တို့မှ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| နေ့ရက်။ | ။ စက်တင်ဘာလ (၂၈) ရက် |
| အချိန်။ | ။ နံနက် (၉:၀၀) မှ ညနေ (၅:၀၀) |
| နေရာ။ | ။ ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ |

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် အစားအသောက်၊ စိုက်ပျိုး၊ ထုတ်လုပ်ရောင်းချနေသော ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် အရည်အသွေး စမ်းသပ်စစ်ဆေးရေးတာဝန်ရှိသူများ တက်ရောက်လေ့လာပြီး လက်ရှိရင်ဆိုင်ကြုံတွေ့လျက်ရှိသော အခက်အခဲများကို မေးမြန်းဆွေးနွေး အဖြေရှာနိုင်ရန်ရည်ရွယ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ နို့နှင့်နို့ထွက် ပစ္စည်းလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အသင့်စားအစားအစာလုပ်ငန်းများ၊ အဖျော်ယမကာ လုပ်ငန်းများ၊ ကိတ်မုန့်၊ ပေါင်မုန့် နှင့် မုန့်အမျိုးမျိုးစသည့် အစားအသောက်ကဏ္ဍပေါင်းစုံမှ တာဝန်ရှိသူ (၄၀၀) ခန့် တက်ရောက်လေ့လာနိုင်ရန်စီစဉ်ထားပါသည်။

အစားအသောက်ဘေးကင်းရေးဆိုင်ရာဆွေးနွေးပွဲသည် အစိုးရတာဝန်ရှိ လူကြီးမင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပညာရှင်များအကြား အစားအသောက်ထုတ်လုပ်ရေးနှင့်စပ်လျဉ်းသည့် အခက်အခဲများ၊ အခွင့်အလမ်းများကိုဝိုင်းဝန်းဆွေးနွေးနိုင်မည့်အစီအစဉ်တစ်ခုဖြစ်ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန (FDA)၊ စားသုံးသူရေးရာဦးစီးဌာန (DOCA)၊ လွှတ်တော်ကော်မတီများ မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ WHO စသည့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ သံရုံးများမှ အစားအသောက်ဘေးကင်းရေးဆိုင်ရာပညာရှင်များ တက်ရောက်ဟောပြောသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အစားအသောက်လုပ်ငန်းရှင်များ အများဆုံးကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် အောက်ပါခေါင်းစဉ်များအတိုင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(၁) GMP and HACCP in Food Processing
(၂) Food Hygiene and Sanitation
(၃) Food Labelling and Consumer Relations
(၄) Legal Frameworks and Compliance

ယခုဆွေးနွေးပွဲကို ကျင်းပနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာလက်ကားရောင်းဝယ်ရေး ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် METRO Wholesale Myanmar ၊ မြန်မာနိုင်ငံတွင် အကြီးဆုံးပြည်တွင်းလက်လီရောင်းချသည့် ကုမ္ပဏီများထဲ မှ တစ်ခုဖြစ်သော City Mart Holdings Ltd (CMHL) ၊ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား အစိုးရချင်းချိတ်ဆက်ဖွဲ့စည်းထားသည့် Mekong Institute တို့မှ ကူညီပံ့ပိုးပေးထားပါသည်။

ယခုအစားအသောက်ဘေးကင်းရေးဆိုင်ရာဆွေးနွေးပွဲကျင်းပရေးကော်မတီ၏ သဘောထားမှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**MILS ၏ သဘောထားမှတ်ချက်**

MILS သည် စားသောက်ကုန် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ ကို ပိုမိုဘေးကင်း၍ဈေးကွက်တန်ဖိုးမြင့်မားသော စားသောက်ကုန်များထုတ်လုပ်နိုင်ရန်နှင့်အရည်အသွေး ထိန်းချုပ်တိုးမြှင့်နိုင်ရေးအတွက် အထောက်အကူပြု ထုတ်ကုန်များ၊ ပစ္စည်းများ၊ ဓါတ်ခွဲခန်းဝန်ဆောင်မှုနှင့် အကြံဉာဏ်များပေးနေသော မြန်မာနိုင်ငံအခြေစိုက်ကုမ္ပဏီဖြစ်ပါသည်။ ပိုမိုဘေးကင်း၍ ဈေးကွက်တန်ဖိုးမြင့်မားသော ထုတ်ကုန်များထုတ်လုပ်နိုင်ရန်၊ စားသောက်ကုန်စိုက်ပျိုးထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအား တစုတစည်းတည်း ချိတ်ဆက်နိုင်ပြီး မိမိတို့၏ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်နိုင်ပြီး ပိုမိုလေ့လာသင်ယူနိုင်ရန်

ရည်ရွယ်၍ ယခုဖိုရမ်ကိုစီစဉ်ကျင်းပရခြင်းဖြစ်ပြီးပွဲဖြစ်မြောက်အောင်ပါဝင်ကူညီဆောင်ရွက်ပေးကြပါသော လက်တွဲဖေါ်အဖွဲ့အစည်းများနှင့်ကုမ္ပဏီများကို အထူးကျေးဇူးတင်ရှိပါသည်။

**MCU ၏ သဘောထားမှတ်ချက်**

မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသည့် ပြဿနာများထဲတွင် အစားအစာဘေးကင်းရေး မှာ လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ MCU အနေဖြင့်စားသုံးသူများအတွက် အခွင့်အရေးကိုအခြေခံပြီးလှုပ်ရှားဆောင်ရွက်နေသည့် Right-based Organization ဖြစ်ပြီး ဘေးကင်းသည့် အစားအစာများစားသောက်နိုင်ရေးဆိုသည်မှာလည်း စားသုံးသူအခွင့်အရေးတစ်ရပ်ဖြစ်သည့်အားလျော်စွာ MCU၏ရပ်တည်ချက်နှင့် ကိုက်ညီမှုရှိသည့်အတွက်ပါဝင်ခြင်း ဖြစ်ပါသည်။ ထို့အပြင် အစားအစာဘေးကင်းရေးကို အဓိကထားလုပ်ဆောင်နေပြီး အစားအစာများအား သေချာစွာ ဓာတ်ခွဲစစ်ဆေးနိုင်သော ဓာတ်ခွဲခန်းနှင့်နည်းပညာရှိသည့် MILS နှင့်ပူးပေါင်းလုပ်ဆောင်လိုသည့်အတွက် ပါဝင်ခြင်းဖြစ်ပါသည်။

**FoSTA Myanmar ၏ သဘောထားမှတ်ချက်**

Food Safety Forum 2019 ဖြစ်မြောက်ရေးအတွက် ဦးဆောင်စီစဉ်ပေးသော MILS ကုမ္ပဏီအား ကျေးဇူးအထူးတင်ရှိပါသည်။ FoSTA Myanmar ၏ ရည်မှန်းချက်သည် မြန်မာနှင့်ကမ္ဘာ့လူထုအတွက်ကင်းပြီး အရည်အသွေးပြည့်မီသောအစားအသောက်များလုံလောက်စွာရရှိစေရန်ဖြစ်သည့်အားလျော်စွာ ယခုကျင်းပမည့် Food Safety Forum သည် FoSTA ၏ ရည်မှန်းချက်နှင့်များစွာကိုက်ညီမှုရှိပါသည်။ ထို့အပြင် ယခုဖိုရမ်သည် အစားအသောက်လုပ်ငန်းရှင်များ၊ လက်လီ/လက္ကားရောင်းချသူများနှင့် စားသုံးသူများအတွက် များစွာအကျိုးကျေးဇူးပြုနိုင်မည်ဟု ယုံကြည်ပါသည်။

ယခုဆွေးနွေးပွဲသို့ တက်ရောက်လိုသူ အစားအသောက်လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအနေဖြင့် Myanmar Innovative Life Sciences ဖေ့စ်ဘွတ်ခ် စာမျက်နှာနှင့် www.milsciences.com/fsf တွင်လည်းကောင်း၊ ဖုန်းနံပါတ် (၀၉-၄၂၈၀၇၇၅၇၀၊ ၀၉-၄၄၇၀၄၃၄၆၃၊ ၀၉-၂၅၅၁၆၇၅၉၆) သို့လည်းကောင်း ၊ enquiries@milsciences.com

သို့လည်းကောင်းဆက်သွယ်၍ စက်တင်ဘာလ (၂၅) ရက်နေ့မတိုင်ခင်အထိ စာရင်း ပေးသွင်းနိုင်ပြီးဝင်ကြေးအခမဲ့ဖြစ်ပါသည်။